## ၅။ သီးထိုးယင်

**Oriental fruit fly :** ***Bactrocera dorsalis*** **(Hendel, 1912)**

**Diptera: Tephritidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**



ကြည်လင်သော အတောင်များ အပေါ်အဖျားဘက်တွင် အရောင်ရင့်သော အစင်းပါရှိသည်။ ရင်အုပ်ပိုင်းနှင့် ဝမ်းဗိုက်ပိုင်းကို သေးငယ်သော အညှာဖြင့် ဆက်ထားသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



သီးထိုးယင်အမသည် "ဥအုတံ"ဖြင့် သစ်သီးအခွံပေါ်မှထိုး၍ အသားထဲသို့ "ဥ" အုချပြီး အသီးထဲတွင် လောက်ကောင်ပေါက် ဆက်လက်စားသောက်သောကြောင့် အသီးမျက်နှာပြင်ပေါ် တွင် အစက်အပြောက်များဖြစ်ပေါ်နေပြီး ရေစိုနာပျော့ကွက်များနှင့် အတွင်းသား ပုပ်နေတတ် သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **- (၁-၂ )** ရက် |
| လောက်ကောင် အဆင့် | **- ( ၆-၉ )** ရက် |
| ရုပ်ဖုံး အဆင့် | **- ( ၈ - ၁၀)** ရက် |
| အကောင်ကြီး အဆင့် | **- (၂-၄ )** လ |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)သရက်ပန်းစတင်ပွင့်ချိန်မှ (၅၅ -၆၅) ရက် အတွင်း (ကြက်ဥ အရွယ်)တွင် အိတ်စွပ်ပါ။ အိတ်မစွပ်မီ မှတ်ပုံတင်ထားသည့် သင့်လျော်သော ဓာတုပိုးသတ်ဆေး နှင့် မှိုသတ်ဆေးများ အား အညွှန်းပါ နှုန်းထားအတိုင်း ပက်ဖျန်းပါ။

(၂) အထီးဆွဲဆောင်ဟိုမုန်း မီသိုင်းယူဂျီနော(Methyl eugenol) နှင့် လန်မ်ဒါဆိုင်ပေလိုသရင် (Lambda-cyhalothrin) အနည်းငယ်ရော၍ ထောင်ချောက် ပြုလုပ်ပြီး (၁) ကေလျှင် (၅) ခုနှုန်းတပ်ဆင် ကာ ယင်ထီးများအား ဖမ်းဆီးပြီး အစုအပြုံလိုက် ဖျက်ဆီးပါ။

(၃)ကြွေကျအသီး/အသီးပုပ်များအား အပတ်စဉ်စုဆောင်းပြီးမြေကျင်းတူး၍ အနည်းဆုံးအနက် (၁.၅) ပေခန့်တွင် မြေမြှုပ်ပါ။(သို့) ပလပ်စတစ်အိတ်အတွင်း ထည့်၍ ပုပ်ဆွေးသည်အထိထားရှိပြီး မြေဆွေးပြုလုပ် သုံးစွဲပါ။ (သို့) အသီးကြွေများကို တိရစ္ဆာန်များ အားကျွေး၍ ဖျက်ဆီးပါ။

(၄) ပရိုတိန်းမျှားစာနှင့် ရေ အရော (၅၀) မီလီလီတာ တွင် ပိုးသတ်ဆေး (Fipronil) ဖစ်ပရိုနေး 5 SC (၅) စီစီရောပြီး ခြံစည်းရိုးအပင်များတွင် (၁) ပင်လျှင်(၃)နေရာခန့် (၁)ပတ်လျှင် (၁) ကြိမ် သရက်သီးကင်းဝင် ချိန်မှစ၍ ခူးဆွတ်ချိန် အထိဖျန်း၍ နှိမ်နင်းကာကွယ်ပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျ ခူးဆွတ်ပါ။